ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
ကျပ် K 150

# ပုသိမ်ခရိုင်တရားရုံး

## ၂၀၁၄ခုနှစ်၊ တရားမကြီးမှု အမှတ် - ၇၁

ဦးလှထွန်းအေး နှင့် ဦးရဲထွန်းအောင်

**တရားလို** **တရားပြိုင်**

တရားလိုအတွက် - ဦးသန်းဦး၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ဒေါ်အေးသီတာထွန်း၊ တရားလွှတ်တော်ရှေ့နေ

ပဲဆီဝယ်ယူပေးရန်ယုံကြည်စွာပေးအပ်ထားသည့်ငွေအပေါ် ပဲဆီဝယ်ပေးရန် သတ်မှတ်ထားသည့်နေ့ပေါက်စျေးအရ ရရှိမည့်ငွေကျပ် ၉၄၈၈၀၀၀၀/- နှင့် နစ်နာကြေးငွေကျပ် ၇၅၉၀၄၀၀/- စုစုပေါင်းငွေကျပ် ၁၀၂၄၇၀၄၀၀/- ရလိုမှု

**စီရင်ချက်**

နေ့စွဲ ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

တရားလို ဦးလှထွန်းအေးက တရားပြိုင်ဦးရဲထွန်းအောင်အပေါ် ပဲဆီဝယ်ယူပေးရန်ယုံကြည်စွာပေးအပ်ထားသည့်ငွေအပေါ် ပဲဆီဝယ်ပေးရန် သတ်မှတ်ထားသည့်နေ့ပေါက်စျေးအရ ရရှိမည့်ငွေကျပ် ၉၄၈၈၀၀၀၀/- နှင့် နစ်နာကြေးငွေကျပ် ၇၅၉၀၄၀၀/- စုစုပေါင်းငွေကျပ် ၁၀၂၄၇၀၄၀၀/-ရလိုမှုစွဲဆိုသည်။

ဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်ကြောင်း၊ တရားလိုမှာ အမှတ်(၄)၊ စျေးဟောင်းလမ်း၊ ပုသိမ်မြို့တွင် ယမကာအရောင်းဆိုင်ဖွင့်လှစ်ပြီး၊ ပုသိမ်မြို့၊ အောင်သီရိစျေး (ယခင်ကုလားကုန်းစျေး)တွင်သားဖြစ်သူ သီဟစည်သူက “Yo” ပဲဆီသန့်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ တရားပြိုင်မှ “လပြည့်”အမည်ဖြင့် ကုန်စုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ (၁. ၆. ၂၀၁၃)နေ့တွင်တရားပြိုင်မှစားသုံးဆီ၊ ပဲဆီ (၁)ပိဿာလျှင်(၁၅၉၀/-) စျေးဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သဖြင့်တရားလိုမှ သဘောတူပြီး ဆီပိဿာချိန် (၅၉၃၀၀)အတွက် နောက်တစ်နေ့ (၂-၆-၂၀၁၃)နေ့တွင် ဆီဖိုးငွေရယူရန် အကြောင်းကြားခဲ့ပြီး တရားလိုမှ ဆီပိဿာ(၅၉၃၀၀)အတွက် ကျသင့်ငွေ (၉၄၂၈၇၀၀၀/-)ပေး၍ (၂. ၆. ၂၀၁၃)နေ့တွင် စာချုပ် ချုပ်ဆိုခဲ့ပြီး စာချုပ်တွင် (၁၂. ၇. ၂၀၁၃)နေ့တွင် ဆီကိုဖြစ်စေ၊ ဆီမပေးနိုင်ပါက ယင်းနေ့ဆီပေါက်စျေးကိုဖြစ်စေ၊ ပေးချေမည်ဖြစ်ကြောင်း ဝန်ခံကတိပြု စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်မှ တရားလိုဆိုင်ရှိသက်သေများရှေ့တွင် စာချုပ်တွင်လက်မှတ်ရေးထိုး၍ ငွေလက်ခံရယူခဲ့ကြောင်း၊ ငွေလက်ခံယူစဉ် တရားပြိုင်နှင့်အတူ ၎င်းဇနီးဖြစ်သူ ဒေါ်ယဉ်နွဲ့ဝင်းမှလည်း စာချုပ်အသိသက်သေနေရာတွင် လက်မှတ်ရေးထိုး၍ ၎င်းတို့နှစ်ဦးမှငွေလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆီဖိုးငွေများရယူခဲ့ပြီးနောက် တရားပြိုင်မှ ဆီကိုသော်လည်းကောင်း၊ ကာလပေါက်စျေးအရ ငွေကိုသော်လည်းကောင်း၊ သတ်မှတ်ထားသည့် (၁၂. ၇. ၂၀၁၃)နေ့တွင်ပြန်လည်ပေးအပ်ခြင်းမရှိ၍ လူကိုယ်တိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၅၀ကျပ် K 150



သွားရောက်၍လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်းတောင်းခံခဲ့သော်လည်း ပေးအပ်ခြင်းမရှိ၍ (၂၄၊ ၇၊ ၂၀၁၃)နေ့တွင် ရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း၊ ပုသိမ်မြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှု အမှတ်- ၁၈၅၂/၁၃ဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုခဲ့ရာ တရားပြိုင်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၄၂၀ဖြင့် စွဲချက်တင်ခဲ့ကြောင်း၊ (၁၂၊ ၈၊ ၂၀၁၃)နေ့ဆီပေါက်ဈေးမှာ (၁)ပိဿာလျှင် (၁၆၀၀ိ/) ဖြစ်၍ ဆီပိဿာ(၅၉၃၀၀)အတွက်(၉၄၈၈၀၀၀ိ/-)ပေးရန် တရားပြိုင်မှ ပျက်ကွက်ခဲ့ကြောင်း၊ (၁၂၊ ၇၊ ၂၀၁၃)မှ တရားစွဲဆိုသည့်နေ့အထိ ငွေကျပ် (၇၅၉၀၄၀ိ/-)နစ်နာရသဖြင့် နစ်နာကြေးငွေ အပါအဝင်စုစုပေါင်းငွေကျပ် ၁၀၂၄၈၀၄၀ိ/-ပြန်လည်ရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

ချေလွှာတွင်(၁၊ ၆၊ ၂၀၁၃)နေ့တွင်တရားပြိုင်မှစားသုံးဆီ(၁)ပိဿာလျှင်(၁၅၉၀ိ/) ဈေးဖြင့် ဝယ်ယူပေးရန် ကမ်းလှမ်းခဲ့ခြင်းမရှိကြောင်း၊ ဆီပိဿာ(၅၉၃၀၀)အတွက် (၂၊ ၆၊ ၂၀၁၃)နေ့ တွင်ဆီဘိုးယူရန် တရားပြိုင်ထံအကြောင်းကြားထားခြင်း မရှိကြောင်း၊ တရားလိုမှဆီဘိုးငွေ ၉၄၂၈၇၀၀ိ/- ကိုတရားပြိုင်သို့ပေးအပ်ခဲ့ခြင်းမရှိကြောင်း၊ (၂၊ ၆၊ ၂၀၁၃)နေ့တွင် စာချုပ် ချုပ်ဆိုခဲ့ ခြင်းလည်းမရှိကြောင်း၊ (၁၂၊ ၇၊ ၂၀၁၃)နေ့တွင် ဆီကိုဖြစ်စေ၊ ဆီပေါက်ဈေးအရ ငွေကိုဖြစ်စေ၊ ပေးချေမည်ဟုတရားပြိုင်ကဝန်ခံကတိပြုခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်နှင့်ဇနီးဖြစ်သူဒေါ်ယဉ်နွဲ့ ဝင်းတို့က တရားလိုနှင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွယ်တို့ထံမှ အတိုးဖြင့် ချေးယူခဲ့သည့်အပေါ် အထောက်အထားတစ်ခုအနေဖြင့် အခွန်တော်တံဆိပ်ခေါင်းအလွတ်ပေါ်တွင် တရားပြိုင်နှင့် ဇနီး ဖြစ်သူတို့က လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်ကြောင်း၊ (၂၊ ၃၊ ၂၀၁၃)ရက်စွဲပါ စာချုပ်မှာ တရားလိုက မမှန်မကန်ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် လပြည့်ကုန်စုံဆိုင်နှင့် လပြည့်မြေပဲဆီသန့် ဖြန့်ဖြူးရေးလုပ်ငန်းကို လုပ်ကိုင်သူဖြစ်ကြောင်း၊ တရားပြိုင်သည် မြေပဲဆီသန့်ကို နေအိမ်ဆိုင်တွင် ရောင်းချသည့်အပြင် အခြားမြို့ရွာများကိုလည်း ကားဖြင့် လှည့်လည်၍ ဝန်ထမ်းများဖြင့် ရောင်းချ ကြောင်း၊ တရားပြိုင်သည်ဝန်ထမ်းများနှင့် (၁၊ ၆၊ ၂၀၁၃)ရက်နေ့မှ (၂၊ ၆၊ ၂၀၁၃)နေ့အထိ လပွတ္တာ မြို့(နန်းသစ္စာ) အဆင့်မြင့်ဧည့်ရိပ်သာတွင် တည်းခိုပြီးလပွတ္တာမြို့နယ်အတွင်း ဆီဖြန့်ဖြူးရောင်း ချနေကြောင်း၊ တရားပြိုင်နှင့် ဝန်ထမ်းများသည် (၂၊ ၆၊ ၂၀၁၃)ရက်နေ့ည (၉း၀၀)နာရီအချိန်ခန့်တွင် ပုသိမ်သို့ ပြန်ရောက်ကြောင်း၊ တရားပြိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ဖြင့် စွဲချက်တင်ခဲ့ပါသည် ဟူသောစကားရပ်မှအပ ကျန်စကားရပ်များအား လေးနက်စွာ ငြင်းဆိုကြောင်း၊ (၂၊ ၆၊ ၂၀၁၃)ရက်စွဲ ပါယုံကြည်စွာပေးအပ်ခြင်းကတိစာချုပ်မှာ တရားလိုမှ မမှန်မကန်ပြုလုပ်ထားသော စာချုပ်ဖြစ်၍ ဆီကိုသော်လည်းကောင်း၊ ကာလပေါက်ဈေးကိုသော်လည်းကောင်း၊ ပေးအပ်ရန်တာဝန်မရှိကြောင်း၊ တရားလိုတွင် ငွေကျပ်၇၅၉၀၄၀ိ/-နစ်နာခြင်းမရှိကြောင်း ဆီဘိုးငွေရယူခြင်းမရှိ၍တရားလိုအား ငွေကျပ် ၁၀၂၄၇၀၄၀ိ/-ပေးအပ်ရန် တာဝန်မရှိကြောင်း၊ ရထိုက်ခွင့်မရှိကြောင်း တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်းချေပသည်။

ဆိုလွှာ၊ ချေလွှာများအရ အောက်ပါ ငြင်းချက်များထုတ်နုတ်သည်-

၁။ တရားလို ဦးလှထွန်းအေးထံမှ တရားပြိုင်ဦးရဲထွဋ်အောင်သည် (၂၊ ၆၊ ၂၀၁၃)ရက်နေ့ တွင်ဆီပိဿာချိန်(၅၉၃၀၀)အတွက် ဝယ်ယူပေးရန် ကျသင့်ငွေတန်ဘိုး (၉၄၂၈၇၀၀ိ/-)ကျပ်အား (၁၂၊ ၇၊ ၂၀၁၃)ရက်နေ့တွင် ဆီကိုဖြစ်စေ၊ ဆီပေါက်ဈေးအရ ငွေကိုဖြစ်စေ၊ ပေးချေမည်ဖြစ်ကြောင်း ပြောဆို၍ဝန်ခံကတိပြုကာ စာချုပ်တွင် လက်မှတ်ရေးထိုးပြီး ဆီဘိုးငွေကျပ် ၉၄၂၈၇၀၀ိ/-ကျပ်အား ရယူသွားခဲ့သည်မှာ မှန်သလား။

၂။ တရားပြိုင် ကိုရဲထွဋ်အောင်သည် တရားလိုထံမှ ဆီပိဿာ ၅၉၃၀၀အတွက် တန်ဘိုးငွေ

၉၄၂၈၇၀၀၀ိ/-အား စာချုပ်ချုပ်ဆို၍ လက်ခံခဲ့ခြင်းမရှိဘဲ အတိုးဖြင့် ငွေချေးငှားခဲ့သည့်အပေါ် တရားလိုမှ မမှန်မကန် ပြုလုပ်ခဲ့သည့် စာချုပ်ဖြစ်သည်မှာ မှန်သလား။

၃။ တရားလိုမည်သည့်သက်သာခွင့်ရထိုက်သနည်း။

အဆိုပါငြင်းချက်ကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားမပြင်ဆင်မှု အမှတ် ၅/၂၀၁၅တွင် အောက်ပါအတိုင်းပြင်ဆင်ပေးခဲ့သည်။

၁။ တရားလိုဦးလှထွန်းအေးထံမှ တရားပြိုင်သည်(၂. ၆. ၂၀၁၃)နေ့တွင် ဆီပိဿာ (၅၉၃၀၀) အတွက်၉၄၂၈၇၀၀၀ိ/- ရယူခဲ့သဖြင့် ကတိပြုချက်အရ (၁၂. ၇. ၂၀၁၃)ရက်နေ့ ဆီပေါက်ဈေးအရ ၉၄၈၈၀၀၀ိ/-ကျပ်နှင့် နစ်နာကြေးငွေ၇၅၉၀၄၀ိ/-ကျပ်၊ စုစုပေါင်း၁၀၂၄၇၀၄၀ိ/-ကို တရားပြိုင်သည်တရားလိုအား ပြန်လည်ပေးဆပ်ရန် ရှိသည်မှာ မှန်သလား။

၂။ တရားပြိုင်ကိုရဲထွဋ်အောင်သည် တရားလိုထံမှ ဆီပိဿာ ၅၉၃၀၀အတွက် တန်ဘိုးငွေ ၉၄၂၈၇၀၀၀ိ/-အား စာချုပ်ချုပ်ဆို၍ လက်ခံခဲ့ခြင်းမရှိဘဲ အတိုးဖြင့် ငွေချေးငှားခဲ့သည့်အပေါ် တရားလိုမှ မမှန်မကန်ပြုလုပ်ခဲ့သည် စာချုပ်ဖြစ်သည်မှာမှန်သလား။

၃။ တရားလိုမည်သည့်သက်သာခွင့်ရထိုက်သနည်း။

ယခုအခါ နှစ်ဖက်သက်သေခံချက်များရယူပြီးဖြစ်၍ အထက်ပါငြင်းချက်(၃)ရပ်ကို သုံးသပ်ဖြေဆိုရန်ဖြစ်သည်။

<u>ငြင်းချက်(၁)</u>

အဆိုအချေနှင့် နှစ်ဖက်ထွက်ဆိုချက်များအရ တရားလို၊ တရားပြိုင်တို့သည် ညီအစ်ကို ဝမ်းကွဲတော်စပ်ကြပြီး တရားလိုက အရက်ဆီဖြန့်ဖြူးသည့် လုပ်ငန်းကိုလုပ်ကိုင်ကြောင်း၊ တရားလို၏ သားသီဟစည်သူမှာ Yo ပဲဆီရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ တရားပြိုင်သည် လှပြည့်ကုန်စုံ ဆိုင်နှင့်လပြည့်ပဲဆီရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း၊ တရားပြိုင်မှလုပ်ငန်းအတွက် ငွေကြေးလိုအပ်သောအခါ တရားလိုနှင့် တရားလို၏ဇနီးဒေါ်သန်းသန်းနွယ်ထံမှ မကြာခဏ ငွေကြေး ချေးငှားရခြင်းမျိုးရှိကြကြောင်းအငြင်းမပွားပေါ်ပေါက်သည်။

တရားလိုကဆိုလွှာပါ အတိုင်းထွက်ဆိုပြီး တရားပြိုင်ကပဲဆီပိဿာချိန် (၅၉၃၀၀) အတွက် ၈စ်ပိဿာလျှင်(၁၅၉၀ိ/-)နှုန်းဖြင့် ဝယ်ယူပေးရန်အတွက် ကျသင့်ငွေ(၉၄၂၈၇၀၀၀ိ/-) ကိုတရားပြိုင်အားပေးအပ်ခဲ့ပြီး ၂. ၆. ၂၀၁၃ရက်စွဲပါ သက်သေခံ(က)စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း ထွက်ဆိုသည်။ တရားပြိုင်ဘက်မှ သက်သေခံ(က)စာချုပ်ပါ ငွေယုံကြည်စွာပေးအပ်ခြင်းလက်ခံသူ နေရာရှိလက်မှတ်သည် ၎င်းလက်မှတ်မဟုတ်ကြောင်း ငြင်းဆိုခြင်းမရှိဘဲ တရားလို၊ တရားပြိုင်တို့ အကြားအတိုးနှင့် ငွေချေးထားသောကိစ္စရပ်များရှိခဲ့၍ တရားလိုထိုးခိုင်းသည့်အတိုင်းစာချုပ်အလွတ် တွင်လက်မှတ်ရေးထိုးခဲ့ရခြင်းရှိကြောင်း ထွက်ဆိုပြီး တရားပြိုင်၏ ဇနီးမယဉ်နွဲ့ဝင်း (ပြိုင်ပြ-၁)က သက်သေခံ(က)စာချုပ်ပါ အသိသက်သေ(၁)နေရာရှိလက်မှတ်သည် ၎င်း၏လက်မှတ်မှန်ကန် ကြောင်းဝန်ခံပြီး တရားလို၏ဇနီးထံမှ ငွေချေးရာတွင် အပေါင်ပစ္စည်းမပေးနိုင်၍ စာချုပ်လွတ်တွင် ထိုးခဲ့ရကြောင်း တရားပြိုင်ကိုထောက်ခံထွက်ဆိုသည်။

တရားလိုဘက်မှ ဦးစိုးမြင့်(လိုပြ-၁)၊ ဦးအောင်နိုင်ဦး(လိုပြ-၂)၊ကိုမျိုးကိုကို(လိုပြ-၃) တို့ကိုတင်ပြသည်။ ဦးအောင်နိုင်ဦး(လိုပြ-၂)ကစာချုပ်သက်သေဖြစ်ပြီး စာချုပ်ချုပ်ဆိုသည့်နေ့က တရားပြိုင်နှင့်ဇနီးတို့ကလက်မှတ်ရေးထိုးကြပြီးငွေများကိုဆာလာအိတ်နှင့်ထည့်သွင်းသယ်ယူသွားကြောင်း

ကြောင်း၊ ဆိုင်ကယ်ရှေ့နောက်တွင် ၎င်းကိုယ်တိုင်တင်ပေးခဲ့ကြောင်းထွက်ဆိုသည်။ ဦးစိုးမြင့် (လိုပြ-၁)နှင့် မျိုးကိုကို(လိုပြ-၃)တို့မှာ စာချုပ်တွက် သက်သေအဖြစ်မပါဝင်သော်လည်း ၎င်းတို့က တရားလို ကိုထောက်ခံထွက်ဆိုထားကြသည်။

တရားပြိုင်ဘက်မှ စာချုပ်ပါလက်ရေး၊ လက်မှတ်များကို ငြင်းဆိုခြင်းမရှိဘဲ တရားလိုထံ မှငွေချေးရာအပေါင်ပစ္စည်းမပေးနိုင်၍ ၎င်းနှင့် ဇနီးတို့က စာချုပ်အလွတ်ပေါ်လက်မှတ်ထိုးပေးခဲ့ရ ခြင်းဖြစ်ကြောင်းနှင့် စာချုပ် ချုပ်ဆိုသည့် (၂. ၆. ၂၀၁၃)ရက်နေ့က တရားပြိုင်ပုသိမ်တွင် မရှိကြောင်း လပွတ္တာသို့ဆီရောင်းရန် ရောက်ရှိနေပြီး လပွတ္တာရှိ မြနန်းသစ္စာတည်းခိုခန်းတွင် တည်းခိုနေကြောင်း တည်းခိုခန်းပိုင်ရှင်ဒေါ်သင်းသင်းဦး (ပြိုင်ပြ-၃)နှင့် တည်းခိုခန်းမန်နေဂျာ(ပြိုင်ပြ-၄) တို့ကိုတင်ပြပြီး ၎င်းတို့က သက်သေခံ(၁၂)ထောက်ခံစာ၊ သက်သေခံ(၁၃)တည်းခိုခန်းခရှင်းသည့်ပြေစာ၊ သက်သေခံ (၁၄) ၁. ၆. ၂၀၁၃ရက်စွဲပါ ဧည့်စာရင်းတို့ကို သက်သေပြထားသည်။ သက်သေခံ(၁၂)မှာ အမှုကိစ္စ ဖြစ်၍နောက်မှရေးသားပေးထားခြင်းဖြစ်ပြီးသက်သေခံ(၁၃)မှာ တရားပြိုင်များလက်ဝယ်ရှိတည်းခိုခန်း ခရှင်းသည့်ပြေစာဟုတင်ပြထားခြင်းဖြစ်သည်။ သက်သေခံ(၁၄)အရ ရာဇဝတ်မှုဖြစ်စဉ်ကတည်းက သိမ်းဆည်းထားသောဧည့်စာရင်းစာရွက်ဖြစ်သည်။ သို့ဖြစ်၍ တရားပြိုင်ဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားပြိုင်သည် လပွတ္တာတွင် ၁၆. ၂. ၂၀၁၃ရက်နေ့က ရောက်ရှိနေသည် ဟုလက်ခံရန်ရှိနေသော်လည်း ပုသိမ်နှင့်လပွတ္တာမှာ (၂)နာရီကျော်ခန့်အတွင်းရောက်နိုင်သောခရီး ဖြစ်၍၂. ၆. ၂၀၁၃ရက်နေ့က တစ်နေ့လုံး လပွတ္တာတွင်ရှိနေသည်ဟု တစ်ထစ်ချကောက်ယူနိုင်ခြင်း မရှိပေ။

တရားပြိုင်က သက်သေခံ(က)စာချုပ်ပါ လက်မှတ်လက်ဗွေသည် ၎င်းကိုယ်တိုင်ရေး ထိုးခြင်းမရှိကြောင်း ငြင်းဆိုခြင်းမရှိဘဲ စာရွက်အလွတ်တွင်ထိုးပေးခဲ့ရကြောင်းကိုသာ တင်ပြနေသည်။ တရားပြိုင်၏ ဇနီးမယဉ်နွဲ့ဝင်း(ပြိုင်ပြ-၁)ကိုယ်တိုင်ကလည်း သက်သေခံ(က)စာချုပ်ပါ အသိသက် သေနေရာရှိလက်မှတ်သည် ၎င်းလက်မှတ်မှန်ကန်ကြောင်း ဝန်ခံထားသည်။ ချေးယူငွေမည်မျှအတွက် အပေါင်ပစ္စည်းမပေးနိုင်ကြောင်းကို တစ်စုံတစ်ရာတင်ပြထားခြင်းမရှိပေ။ ထို့ပြင် တရားပြိုင်သည် ဘွဲ့ရပညာတတ်၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ခြင်းကြောင့်စာသားလုံးဝရေးသားထားခြင်းမရှိသော စာချုပ်ခေါင်းအလွတ်ပေါ်တွင် လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ပေးခဲ့ရကြောင်း ထုချေချက်သည် သဘာဝယုတ္တိနှင့်ဝေးကွာပြီး သံသယကင်းစွာလက်ခံရန်မသင့်ပေ။

သက်သေခံ(က)ပေါ်ရှိလက်မှတ်၊ လက်ဗွေကို တရားပြိုင်က ငြင်းဆိုခြင်းမရှိသဖြင့် တရားပြိုင်၏ လက်မှတ်၊ လက်ဗွေမှန်ကန်သည်ဟုသာ ကောက်ယူရမည်ဖြစ်သည်။ တရားပြိုင်၏ လက်မှတ်၊ လက်ဗွေမှန်ကန်ပါက စာချုပ်ပါအကြောင်းအရာများမှန်ကန်မှုမရှိကြောင်း စာရွက်အလွတ် တွင်လက်မှတ်ရေးထိုးကြောင်း သက်သေခံဥပဒေပုဒ်မ ၁၀၂အရ တရားပြိုင်ဘက်မှ သက်သေပြရန် တာဝန်ကျရောက်ပေသည်။

ဂျေကေရှာဟားနှင့် ဒူလာမီးယားအမှု[၁] တွင်တရားလိုက ငွေချေးစာချုပ်အရ တရားစွဲ ဆိုရာတရားပြိုင်က အမှုတွင် ၎င်းလက်မှတ်မှန်ကန်ကြောင်းဝန်ခံ၍ စာချုပ်ပါငွေမှာ တိုးရင်းပေါင်း ထားသောငွေများဖြစ်ကြောင်း ထုချေပါက သက်သေထင်ရှားပြရန်တာဝန်မှာ တရားပြိုင်ပေါ်တွင် ကျရောက်ကြောင်းထုံးဖွဲ့လမ်းညွှန်သည်။

သို့ဖြစ်၍ယခုအမှုတွင် တရားပြိုင်ကတရားလိုသို့ ပေးဆပ်ရန်ငွေကြွေးများရှိနေကြောင်း ကိုဝန်ခံထားပြီး အတိုးမည်မျှ၊ အရင်းမည်မျှအပေါ် ယခုစာချုပ်ကို တရားလိုက ဖန်တီးချုပ်ဆိုခြင်းဖြစ်

၁။ ၁၉၃၉ခုနှစ် ရန်ကုန်စီရင်ထုံး စာ ၃၉၇

ကော်ပီမှန်ကြောင်း

ချမ်းမြေ့ဦး
(မိတ္တူကူးစာရေး)

ကြောင်းသက်သေထင်ရှားတင်ပြထားနိုင်ခြင်းမရှိခြင်းကြောင့် သက်သေခံဥပဒေပုဒ်မ၁၀၂ပါ တာဝန်ကိုကျေပွန်ခြင်းမရှိပေ။

စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသောစာချုပ်မျိုး မဟုတ်ဘဲဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေခံတင်ပြနိုင်ပေသည်။ ဦးဖြူးပါ ၂နှင့် ဦးငွေထွန်းပါ၂အမှု ၂တွင်ကြည့်ပါ။

ယခုအမှုတွင် တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများတို့က စာချုပ်ချုပ်ဆိုသည့် (၂. ၆. ၂၀၁၃)နေ့ကတရားပြိုင်လပွတ္တာရောက်နေကြောင်းကိုသာ အဓိကထားထုချေထွက်ဆိုထားပြီး စာချုပ်ပါအကြောင်းအရာများ မမှန်ကန်ကြောင်းဟန်ဆောင်စာချုပ်ဖြစ်ကြောင်း ချေဖျက်ထွက်ဆိုနိုင်ခြင်းမရှိပေ။ အထူးသဖြင့် စာချုပ်အလွတ်တွင်ရေးထိုးရခြင်းဖြစ်ကြောင်း၊ တရားလိုထံမှ ချေးယူသောငွေအရင်းမည်မျှ၊ အတိုးမည်မျှပေါင်းထည့်၍ စာချုပ်တွင်ငွေအရေအတွက်မည်မျှဟု ဖော်ပြထားခြင်းဖြစ်သည်ဆိုသည့်အချက်ကို သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိသဖြင့် တရားလိုတင်ပြသော သက်သေခံ(က)စာချုပ်ကို လက်ခံရမည်သာဖြစ်သည်။

တရားလိုသည် တရားပြိုင်မှ စာချုပ်အရ သတ်မှတ်ရက်ဖြစ်သော (၁၂. ၇. ၂၀၁၃) ရက်နေ့တွင်ပဲဆီကိုသော်လည်းကောင်း၊ ဆီဘိုးပေါက်ဈေးကိုသော်လည်းကောင်း ပြန်လည်ပေးအပ်ခြင်းမရှိ၍(၂၄. ၇. ၂၀၁၃)ရက်နေ့တွင် ရဲစခန်းသို့တိုင်ကြားပြီး တရားပြိုင်အား ပုသိမ်မြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂/၂၀၁၃ဖြင့် အမှုဖွင့် တိုင်ကြားခဲ့ရာ မြို့နယ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ခဲ့သည့်အပေါ် တရားရုံးအဆင့်ဆင့်က အတည်ပြုထားကြောင်း အမှုတွင်ပေါ်ပေါက်နေသည်။

တရားပြိုင်ဘက်မှ စာချုပ်ပါ (၂. ၆. ၂၀၁၃)ရက်နေ့က ပဲဆီပေါက်ဈေးသည် ၁၅၉၀ိ/- နှုန်းဖြင့်ဝယ်ယူ၍မရနိုင်ကြောင်းထွက်ဆိုထား၍သက်သေခံ(က)စာချုပ်သည် အမှန်တကယ်ချုပ်ဆို ထားခြင်းမဟုတ်ဘဲတရားလိုဘက်မှလုပ်ကြံဖန်တီးထားသောစာချုပ်ဖြစ်ကြောင်း ရှေ့လျှောက်လဲ တင်ပြသည်။

အမှုတွင် တရားပြိုင်အား ပြန်လှန်စစ်မေးစဉ် "တရားပြိုင်ဘက်မှတင်ပြထားသော ဘောင်ချာအမှတ် ၁၄၂၂၊ ဒေါ်နန်းကူ၊ ရက်စွဲ(၃. ၆. ၂၀၁၃)အမျိုးအမည်ပဲလတ်ရှယ်၊ ဈေးနှုန်း အချိန်(၁၀)ပိဿာ-၁၇၀၀၀ိ/-နှုန်းဖြင့်ရေးဖွင့်ထားခြင်းကြောင့်၁ပိဿာလျှင် ၁၇၀၀ိ/- ဖြစ်သည် ဆိုလျှင်မှန်ပါသည်။ အဆိုပါ ဘောင်ချာပေါ်ရှိပဲဆီဈေးများမှာကျွန်တော်ဝယ်ယူခဲ့သည့် ဈေးရင်း အပေါ်တွင်အမြတ်အစွန်းပြန်လည်တင်ပြီးရောင်းချသည့် ဈေးများဖြစ်သည်ဆိုလျှင် မှန်ပါသည်"ဟု ထွက်ဆိုထားသည်။ သို့ဖြစ်၍ စာချုပ်ပါ ပဲဆီ၁ပိဿာလျှင် ၁၅၉၀ိ/-ဈေးဟု ဖော်ပြချုပ်ဆိုထားခြင်း သည်ပေါက်ဈေးမဟုတ်၍သဘာဝမကျဟု လက်ခံနိုင်မည်မဟုတ်ပေ။

သက်သေခံ(က)စာချုပ်တွင် "×××(၁၂. ၇. ၂၀၁၃)ရက်နေ့တွင် ပဲဆီပိဿာချိန် (၅၉၃၀၀)ကိုဖြစ်စေ၊ ယနေ့တွင် ပဲဆီပိဿာချိန်(၅၉၃၀၀)ပေါက်ဈေးအရ ငွေများကိုဖြစ်စေ၊ ငွေယုံ ကြည်စွာပေးအပ်သူသို့ငွေယုံကြည်စွာပေးအပ်ခြင်းလက်ခံသူမှ ပေးအပ်ပါမည်×××) ဟုဖော်ပြ ပါရှိသည်။ ဆီပြန်ပေးရန်သတ်မှတ်ရက်ဖြစ်သော ၁၂. ၇. ၂၀၁၃ရက်နေ့တွင် ပဲဆီပေါက်ဈေး ၆၀၀ိ/-ဖြစ်ကြောင်း တရားလိုဘက်မှတွက်ချက်တောင်းခံထားသည်။တရားပြိုင်ဘက်မှ တင်ပြထား သောဘောင်ချာများအရ ၁၂. ၇. ၂၀၁၃ရက်နေ့ ပတ်ဝန်းကျင်တွင် ပဲဆီလက်လီဈေးမှာ ၁၇၀၀ိ/- ၊ ၁၇၂၀ိ/-၊ စသဖြင့်ဖြစ်နေ၍ တရားလိုတောင်းခံသော ၁ပိဿာလျှင် ၁၆၀၀ိ/-ပေါက်ဈေးရှိ၍ ပိဿာချိန်(၅၉၃၀၀) အတွက်ကာလတန်ဖိုး၉၄၈၈၀၀၀ိ/-သည် တရားမျှမှုရှိ၍ လက်ခံရမည့်

၂။ ၁၉၇၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၉

...ကြီး ၇၁/၂၀၁၄ မှအဆက်



အချက်ဖြစ်သည်။

တရားလိုကအဆိုပါပဲဆီဘိုးငွေများကိုဘဏ်တွင်အပ်နှံထားပါကအတိုးငွေ ၇၅၉၀၄၀ဝိ ရနိုင်ခြင်းကြောင့် အဆိုပါငွေကိုနစ်နာကြေးအဖြစ်ရထိုက်ကြောင်းတောင်းဆိုသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အရှုံးအမြတ်ရှိတတ်မြဲဖြစ်ရာ ဘဏ်တိုးနှင့် တွက်ချက်၍နစ်နာကြေးတောင်းခံသည်ကိုမူ ခွင့်ပြုရန် မသင့်ကြောင်းသုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် ငြင်းချက်(၁)တွင် တရားလိုဦးလှထွန်းအေးထံမှ တရားပြိုင်သည် (၂.၆.၂၀၁၃)နေ့တွင် ပဲဆီပိသာ (၅၉၃၀၀)ဝယ်ပေးရန်အတွက် ငွေကျပ်၉၄၂၈၇၀၀ဝိ/-ရယူခဲ့သဖြင့် ကတိပြုချက်အရ (၁၂.၇.၂၀၁၃)ရက်နေ့ဆီပေါက်ဈေးအရ ၉၄၈၈၀၀၀ဝိ/-ကို တရားပြိုင်သည်တရားလိုအားပြန်လည်ပေးဆပ်ရန်ရှိသည်မှာ မှန်ကန်ကြောင်းနှင့်နစ်နာကြေးငွေ ၇၅၉၀၄၀ဝိ/- စုစုပေါင်း၁၀၂၄၇၀၄၀ဝိ/-ပေးဆပ်ရန်ရှိသည်မှာ မမှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

ငြင်းချက်(၁)တွင် သုံးသပ်ဖြေဆိုပြီးဖြစ်၍ ငြင်းချက်(၂)တွင် တရားပြိုင်ကိုရဲထွဋ်အောင်သည်တရားလိုထံမှ ဆီပိသာ၅၉၃၀၀အတွက် တန်ဖိုးငွေ၉၄၂၈၇၀၀ဝိ/-အား စာချုပ်ချုပ်ဆို၍ လက်ခံခဲ့ခြင်းမရှိဘဲ အတိုးဖြင့်ငွေချေးငှားခဲ့သည့်အပေါ် တရားလိုမှ မမှန်မကန်ပြုလုပ်ခဲ့သည့် စာချုပ်ဖြစ်သည်မှာ မမှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက်(၃)

ငြင်းချက်(၁) (၂)ဖြေဆိုချက်များအရ တရားလိုသည် တရားပြိုင်ထံမှ ပဲဆီပိသာချိန် ၅၉၃၀၀အတွက် ၁ပိသာလျှင် ကာလပေါက်ဈေး၁၆၀ဝိ/-နှုန်းဖြင့် ငွေကျပ် ၉၄၈၈၀၀၀ဝိ/-ရထိုက်ခွင့်ရှိကြောင်းဖြေဆိုလိုက်သည်။

ထို့ကြောင့် တရားလိုဦးလှထွန်းအေးသည် တရားပြိုင်ဦးရဲထွဋ်အောင်ထံမှ ငွေကျပ် ၉၄၈၈၀၀၀ဝိ/-ကို ရထိုက်ခွင့်ရှိကြောင်းစရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၅၀၀ဝိ/-သတ်မှတ်သည်။

၂၅/၁/၁၈

( စိုးဥာဏ် )
ခရိုင်တရားသူကြီး

ချမ်းမြေ့ဦး
( စီရင်ထုံးစာရေး )